Vol.1 (2), August 2021


Source from Internet

# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

၂၀၂၁ ခုနှစ်၊ ဩဂုတ်လ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(www.doa.gov.mm, doamisppme@gmail.com, +၉၅ ၆၇ ၃၄၁၀၅၃၈

### ပါဝင်သောအကြောင်းအရာများ

- ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များ
  - ❖ နှံစားသီးနှံ
  - ❖ ဆီထွက်သီးနှံ
  - ❖ ပဲမျိုးစုံ
  - ❖ စက်မှုကုန်ကြမ်းသီးနှံ
  - ❖ စားဖိုဆောင်သီးနှံ
- ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

### ဈေးကွက်သတင်းအချက်အလက်များ

- ➢ ပေါ်ဆန်းစပါးဈေးနှုန်းမှာ ဆက်လက်မြင့်တက်နေသော်လည်း မနော်သုခစပါးဈေးနှုန်းမှာ အချို့ဈေးကွက်များတွင် ပြန်လည်ကျဆင်းလျက်ရှိနေ
- ➢ မြေပဲဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း နှမ်းဈေးနှုန်း အတက်အကျဖြစ်နေပြီး နေကြာဈေးနှုန်း မြင့်တက်လာ
- ➢ ပဲတီစိမ်းနှင့်မတ်ပဲဈေးနှုန်းများ အနည်းငယ်ကျဆင်းလျက်ရှိ
- ➢ ပဲစဉ်းငုံနီဈေးနှုန်း အမြင့်ဆုံးအနေအထားဖြစ်ပေါ်လျက်ရှိ
- ➢ ကြက်သွန်နီဈေးနှုန်း တည်ငြိမ်နေသော်လည်း ကြက်သွန်ဖြူဈေးနှုန်း မြင့်တက်လာ
- ➢ စက်သွင်းကြံတစ်တန်ဈေးနှုန်း
- ➢ ဝါ(ချည်မျှင်ရှည်)တစ်ပိဿာဈေးနှုန်း

စာမျက်နှာ ၂ မှ ၄

### ပြည်တွင်းပြည်ပလယ်ယာသတင်းများ

- ❖ အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် ကြံထုတ်လုပ်မှု တန်ချိန်ပေါင်း သိန်း(၂၀၀) ကျော် မြင့်တက်နိုင်
- ❖ Coronavirus ထိန်းချုပ်မှုအရှိန်များ တောင်သူများသို့ ရိုက်ခတ်မှုများကြောင့် ဗီယက်နမ်အစိုးရမှ ဆန်စပါးသိုလှောင်ထားရန် စီစဉ်လျက်ရှိ
- ❖ ကုန်သွယ်ရေး ရပ်တန့်နေမှုကြောင့် မြန်မာ့ဖရဲသီးဈေးနှုန်း ထက်ဝက်ခန့် ကျဆင်း

### စိုက်ပျိုးရေးဆိုင်ရာ နိုင်ငံတကာသတင်းများ

- ❖ နိုင်ငံတကာကော်ဖီအဖွဲ့အစည်း(ICO)၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ကော်ဖီဈေးကွက် အခြေအနေအစီရင်ခံစာ
- ❖ ၂၀၂၁ ခုနှစ် ဇူလိုင်လ ဒုတိယလဝက်အတွင်း သဘာဝရော်ဘာ(Natural Rubber-NR) ဈေးကွက်အား ခြုံငုံသုံးသပ်ခြင်း
- ❖ အမေရိကန်စိုက်ပျိုးရေးဦးစီးဌာန(USDA)၏ ဆန်စပါးဈေးကွက်အပေါ်သုံးသပ်ချက်
- ❖ (၂၀၂၁ မှ ၂၀၃၀) ခုနှစ်အတွင်း ထောပတ်သီးသည် အဓိကအပူပိုင်းသစ်သီးများတွင် တိုးတက်မှုအလျင်မြန်ဆုံး ကုန်စည်ဖြစ်လာရန် မျှော်မှန်းထားခြင်း

စာမျက်နှာ ၅ မှ ၈

# ဈေးကွက်သတင်း အချက်အလက်များ

## နံ့စားသီးနှံ







## ပေါ်ဆန်းနှင့် မနောသုခစပါး

- ဇူလိုင်လအတွင်း ပေါ်ဆန်းဈေးနှုန်းမှာ ရန်ကုန်နှင့် နေပြည်တော်ဈေးကွက်တို့၌ တစ်တင်းလျှင် (၁၂၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးဖြစ်နေပြီး ယခင်လထက် တစ်တင်းလျှင် ၅၀၀ ကျပ် မှ ၂၀၀၀ကျပ် (၅-၂၀%)အထိ ဈေးနှုန်းမြင့်တက်ခဲ့ပြီး ရန်ကုန်ဈေးကွက်၌သာ (၁၀%)ခန့် ကျဆင်းခဲ့ပါသည်။
- မနောသုခဈေးနှုန်းမှာ ဇူလိုင်လအတွင်း မကွေးနှင့်ဧရာဝတီဈေးကွက်တို့၌ ယခင်လထက် တစ်တင်းလျှင် ပျမ်းမျှ(၁၅%)ခန့် မြင့်လာသော်လည်း အခြားဈေးကွက်များ၌ (၂-၂၂%)ခန့် ကျဆင်းနေပါသည်။
- မနောသုခမှာ မကွေးဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး(၉၅၀၀)ကျပ်ရှိနေပြီး ယခင်လထက် တစ်တင်းလျှင် (၂၀၀ မှ ၂၀၀၀)ကျပ်အထိ ဈေးနှုန်းမြင့်တက်ခဲ့ပါသည်။
- တောင်သူများနှင့် ကုန်သည်များလက်ဝယ်၌ စပါးလက်ကျန်လျော့နည်းလာခြင်း၊ ပြည်တွင်းဝယ်ယူစားသုံးမှုများလာခြင်း၊ ကိုဗစ်ကာလထောက်ပံ့လှူဒါန်းမှုများပြုလုပ်ခြင်း စသည်တို့ကြောင့် ဈေးကွက်အတွင်း စပါးဈေး အနည်းငယ်မြင့်တက်နေခြင်းဖြစ်ပါသည်။

## အစေ့ထုတ်ပြောင်းဈေးနှုန်းနှိုင်းယှဉ်ချက်

| ဈေးကွက် | ယူနစ် | ဇွန် | ဇူလိုင် | ခြားနားချက် (%) |
|---|---|---|---|---|
| နေပြည်တော် | ကျပ်/တင်း | ၈၀၀၀ | ၈၅၀၀ | (+)၆.၂၅ |
| ကချင် | ကျပ်/တင်း | ၉၀၀၀ | ၉၀၀၀ | ၀.၀၀ |
| ကရင် | ကျပ်/တင်း | ၉၀၀၀ | ၉၀၀၀ | ၀.၀၀ |
| မကွေး | ကျပ်/တင်း | ၉၅၀၀ | ၉၅၀၀ | ၀.၀၀ |
| မန္တလေး | ကျပ်/တင်း | ၁၁၀၀၀ | ၈၅၀၀ | (-) ၂၂.၇၃ |

## အစေ့ထုတ်ပြောင်း

- ဇူလိုင်လအတွင်း မကွေးဈေးကွက်၌ တစ်တင်းလျှင်အမြင့်ဆုံး(၉၅၀၀)ကျပ်ရှိနေပြီး ယခင်လထက် နေပြည်တော်နှင့် မန္တလေးဈေးကွက်တို့၌သာ ဈေးနှုန်းပြောင်းလဲမှုရှိခဲ့ပါသည်။
- ပြည်ပ ဝယ်လက်များမှ ပုံမှန်ဝယ်ယူမှုရှိခြင်း၊ ပြည်တွင်း အစာစပ်လုပ်ငန်းတို့မှ ပုံမှန်ဝယ်ယူမှုရှိခြင်းတို့ကြောင့် ဈေးနှုန်းပြောင်းလဲမှု နည်းပါးနေခြင်း ဖြစ်ပါသည်။

## မြေပဲ၊ နှမ်း၊ နေကြာ

| ဈေးကွက်အမည် | မြေပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ | ဇူလိုင်လ | ခြားနားချက်(%) |
| နေပြည်တော် | ၁၂၀၀၀ | ၁၂၅၀၀ | (+)၄.၁၇ |
| ကချင် | ၁၅၀၀၀ | ၁၅၀၀၀ | ၀.၀၀ |
| ကရင် | ၁၂၅၀၀ | ၁၂၅၀၀ | ၀.၀၀ |
| တနင်္သာရီ | ၁၅၄၀၀ | ၁၅၄၀၀ | ၀.၀၀ |
| မကွေး | ၁၀၀၀၀ | ၁၁၀၀၀ | (+)၁၀.၀၀ |
| မန္တလေး | ၂၁၀၀၀ | ၂၁၀၀၀ | ၀.၀၀ |
| ရခိုင် | ၁၅၅၀၀ | ၁၃၅၀၀ | (-)၁၂.၉ |
| ရန်ကုန် | ၂၀၀၀၀ | ၂၀၀၀၀ | ၀.၀၀ |

- ဇူလိုင်လ၌ မြေပဲဈေးနှုန်းမှာ မန္တလေးဈေးကွက်တွင်တစ်တင်းလျှင် အမြင့်ဆုံး(၂၁၀၀၀)ကျပ်ရှိပြီး ယခင်လထက် မကွေး၌ (၁၀%)ခန့် မြင့်တက်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်မှုအခက်အခဲနှင့် နယ်စပ်ဂိတ်များ အဝင်ပိတ်မှုတို့ကြောင့် ဝယ်လိုအားကျဆင်းပြီး ဈေးနှုန်းမှာ သိသာစွာပြောင်းလဲမှုမရှိခဲ့ပါ။

# ဆီထွက်သီးနှံဈေးနှုန်းများ




- ဇူလိုင်လအတွင်း နှမ်း(နက်)ဈေးနှုန်းမှာ ရခိုင်၌ တစ်တင်းလျှင်အမြင့်ဆုံး (၈၀၀၀၀)ကျပ်ရှိနေပြီး ဇွန်လနှင့်နှိုင်းယှဉ်ပါက မကွေးဈေးကွက်၌ တစ်တင်းလျှင် (၁၇%)ခန့်ဈေးနှုန်းကျဆင်းပြီး နေပြည်တော်၌(၃၈%)ခန့်မြင့်တက်ကာ အခြားဈေးကွက်များ၌ ပြောင်းလဲမှုမရှိခဲ့ပါ။
- တရုတ်မှ အများဆုံးဝယ်ယူနေရာမှ ကိုဗစ်ကန့်သတ်ချက်များကြောင့် မဝယ်ယူသေးဘဲ ပြည်တွင်း၌သာ သိုလှောင်ထားရခြင်း၊ ပြည်တွင်း ဆီစက်လုပ်ငန်းများ ယာယီရပ်နားထားခြင်းနှင့် နှမ်းအရည်အသွေးကန့်သတ်ချက်များကြောင့် ဈေးကွက်ဝယ်လိုအား ရှိနေသော်လည်း နှမ်းဈေးနှုန်းမှာ အကျဘက်သို့ဦးတည်နေခြင်း ဖြစ်သည်ဟု သိရှိရပါသည်။
- ဇူလိုင်လအတွင်း နေကြာတစ်တင်းဈေးနှုန်းမှာ မန္တလေးဈေးကွက်၌ ယခင်လထက် အများဆုံး ၉၀၀၀ ကျပ်(၆၀%)ခန့် မြင့်တက်လာခဲ့ပါသည်။
- မွန်ပြည်နယ်ဈေးကွက်၌ နေကြာတစ်တင်းလျှင် အမြင့်ဆုံး (၃၃၅၀၀)ကျပ်ရှိနေပါသည်။



# ပဲမျိုးစုံ ဈေးကွက်

## ပဲတီစိမ်း




## မတ်ပဲ

| ဈေးကွက်အမည် | မတ်ပဲဈေးနှုန်း (ကျပ်/တင်း) | | |
|---|---|---|---|
| | ဇွန်လ | ဇူလိုင်လ | ခြားနားချက်(%) |
| နေပြည်တော် | ၃၆၀၀၀ | ၃၅၆၀၀ | (-)၁.၁၁ |
| ကချင် | ၂၇၀၀၀ | ၂၇၀၀၀ | ၀.၀၀ |
| ကရင် | ၂၉၅၀၀ | ၂၈၀၀၀ | (-)၅.၀၈ |
| တနင်္သာရီ | ၃၄၀၀၀ | ၃၄၀၀၀ | ၀.၀၀ |
| မကွေး | ၃၂၀၀၀ | ၃၂၀၀၀ | ၀.၀၀ |
| မန္တလေး | ၃၄၆၀၀ | ၃၄၆၀၀ | ၀.၀၀ |
| မွန် | ၃၆၀၀၀ | ၃၆၀၀၀ | ၀.၀၀ |
| ရခိုင် | ၃၄၀၀၀ | ၃၄၀၀၀ | ၀.၀၀ |
| ရန်ကုန် | ၅၆၀၀၀ | ၅၆၀၀၀ | ၀.၀၀ |

### ပဲတီစိမ်းနှင့်မတ်ပဲ

- ပဲတီစိမ်းတစ်တင်းဈေးနှုန်းမှာ ဇူလိုင်လအတွင်း ရန်ကုန်ဈေးကွက်၌ အမြင့်ဆုံး(၅၇၀၀၀)ကျပ်ရှိပြီး ယခင်လနှင့်နှိုင်းယှဉ်ပါက မကွေး၊ မန္တလေးနှင့် ရခိုင်တို့၌ (၈၀၀မှ ၅၀၀၀)ကျပ်(၆%မှ ၁၃%)အထိ ကျဆင်းခဲ့ပြီး နေပြည်တော်၌ (၃%)ခန့်သာ အနည်းငယ်မြင့်တက်ခဲ့ပါသည်။
- ပဲတီစိမ်းမှာ ဈေးကွက်သို့ ကုန်ဝင်ရောက်မှုနည်းခြင်း၊ ကိုဗစ်ကြောင့်နယ်စပ်ဂိတ်များ ပိတ်ထားသဖြင့် ကုန်စီးဆင်းမှုအားနည်းသွားခြင်း၊ ပြည်ပမှ အရောင်းအဝယ်အေးခြင်းတို့ကြောင့် ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့ခြင်း ဖြစ်ပါသည်။
- ဇူလိုင်လ၌ မတ်ပဲ တစ်တင်းဈေးနှုန်းသည်လည်း ရန်ကုန်တွင် (၅၆၀၀၀)ကျပ်ဖြင့် အမြင့်ဆုံးရှိနေပြီး ယခင်လထက် နေပြည်တော်နှင့် ကရင်ဈေးကွက်တို့၌အများဆုံး(၅%)ခန့်သာကျဆင်းခဲ့ပြီး ဈေးနှုန်း သိသာစွာ ပြောင်းလဲမှု မရှိခဲ့ပါ။
- မတ်ပဲအဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံတွင် ပြည်တွင်းစိုက်ပျိုးသည့် မတ်ပဲအသစ်အချို့ ဈေးကွက်သို့ အဝင်ရှိလာခြင်း၊ ၎င်းနိုင်ငံအတွင်း ပဲသိုလှောင်ခွင့် ကန့်သတ်ခဲ့ခြင်းကြောင့် ပဲအဝယ် လျော့နည်းကာ ဈေးနှုန်းအနည်းငယ် ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု သိရှိရပါသည်။

## ကုလားပဲ




- ဇူလိုင်လအတွင်း ကုလားပဲဈေးနှုန်းမှာ ယခင်လထက် တစ်တင်းလျှင် (၅၀၀၀ မှ ၂၀၀၀၀)ကျပ် အတွင်း မြင့်တက်လျက်ရှိပြီး မကွေးဈေးကွက်၌ ဈေးနှုန်းနှစ်ဆခန့် မြင့်လာကာ ရန်ကုန်ဈေးကွက်၌ တစ်တင်းလျှင် အမြင့်ဆုံး (၅၅၀၀၀)ကျပ် ရှိနေပါသည်။
- ပြည်တွင်း/ပြည်ပ ဝယ်လိုအားများခြင်း၊ ပြည်တွင်း လက်ကျန် လျော့နည်းလာခြင်းတို့ကြောင့် ကုလားပဲဈေးနှုန်းမှာမြင့်တက်လျက်ရှိနေပါသည်။




- ပဲစဉ်းငုံနီ တစ်တင်းဈေးနှုန်းမှာ ဇူလိုင်လ၌ ယခင်လထက် (၅၀၀ မှ ၉၀၀၀)ကျပ်(၃% မှ ၃၅%)အထိ မြင့်တက်လာကာ ကချင်ဈေးကွက်၌ (၃၄၅၀၀)ကျပ်ဖြင့် အမြင့်ဆုံးဈေးနှုန်း ဖြစ်ပေါ်နေပါသည်။
- ပဲစဉ်းငုံနီဈေးနှုန်းမှာ ပြည်တွင်း၌ လက်ကျန်နည်းလာခြင်း၊ အိန္ဒိယမှအဓိကဝယ်ယူနေခြင်းတို့ကြောင့် ယခုလအတွင်း ဈေးနှုန်းအမြင့်ဆုံး အနေအထား ဖြစ်နေပါသည်။

# စက်မှုကုန်ကြမ်းသီးနှံ

## ဝါ(ချည်မျှင်ရှည်)




- ဇူလိုင်လအတွင်း ချည်မျှင်ရှည်ဝါဈေးနှုန်းမှာ ယခင်လထက် တစ်ပိဿာလျှင် (၁၀၀ မှ ၂၅၀) ကျပ်ခန့်သာ မြင့်တက်ခဲ့ပြီး မန္တလေး ဈေးကွက်၌ တစ်ပိဿာလျှင် (၁၈၀၀)ကျပ် သာအများဆုံး ရှိနေပါသည်။

## ချက်ကြံ(စက်သွင်းကြံ)




- စက်သွင်းကြံဈေးနှုန်းမှာ ဇူလိုင်လအတွင်း မွန်ပြည်နယ်၌ တစ်တန်လျှင် အနိမ့်ဆုံး (၂၆၀၀၀) ကျပ်နှင့် ကချင်ပြည်နယ်၌ အမြင့်ဆုံး (၄၂၀၀၀)ကျပ်ရှိနေပါသည်။ ဈေးနှုန်း အနိမ့်ဆုံးနှင့် အမြင့်ဆုံးကွာခြားမှုမှာ တစ်တန်လျှင် (၁၆၀၀၀)ကျပ်ဖြစ်ပါသည်။
- ကြံရာသီချိန်မဟုတ်သောကြောင့် စက်သွင်း ကြံဈေးနှုန်းမှာ ပြောင်းလဲမှုမရှိသေးပါ။

# စားဖိုဆောင်သီးနှံ



## ကြက်သွန်နီ




- ကပ်ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် သယ်ယူပို့ဆောင်ရေးအခက်အခဲ များစွာရှိနေပြီး တောင်သူ့လက်ဝယ်တွင် ကြက်သွန်နီ လက်ကျန်အမြောက်အမြားရှိနေသော်လည်း ကုန်သည်များ ထံနှင့် ဈေးကွက်အတွင်း ဝင်ရောက်နိုင်မှုမှာ နည်းနေခြင်းကြောင့် ဈေးနှုန်းမြင့်သွားခြင်းဖြစ်ပါသည်။

- ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းမှာ ဇူလိုင်လအတွင်း၌ ဇွန်လထက် (၃၀၀ မှ ၃၅၀၀)ကျပ် (၈ မှ ၁၀၀%)အထိ မြင့်တက်လာခဲ့ပါသည်။
- ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် (၇၀၀၀)ကျပ် ဖြင့် ဇူလိုင်လအတွင်း အမြင့်ဆုံးဈေးနှုန်းရှိနေပါသည်။
- ကြက်သွန်ဖြူဈေးနှုန်းပြောင်းလဲမှုမှာ ကပ်ရောဂါ ထိန်းချုပ်ဟန့်တားမှုများအပေါ် မူတည်လျက်ရှိပြီး နယ်စပ်ကုန်သွယ်မှုနှင့်လည်း အဓိကဆက်စပ်နေပါသည်။

## ငရုတ်(အစို/အခြောက်)

ငရုတ်(အစို)ဈေးနှုန်း(ကျပ်/ပိဿာ)

| ဈေးကွက်အမည် | ဇွန်လ | ဇူလိုင်လ | ခြားနားချက်(%) |
|---|---|---|---|
| နေပြည်တော် | ၇၀၀၀ | ၂၀၀၀ | (-)၇၁.၄၃ |
| မကွေး | ၃၅၀၀ | ၁၀၀၀ | (-)၇၁.၄၃ |
| မန္တလေး | ၁၁၀၀ | ၂၇၀၀ | (+)၁၄၅.၄၅ |
| ရခိုင် | ၁၂၀၀ | ၂၀၀၀ | (+)၆၆.၆၇ |
| ရန်ကုန် | ၂၀၀၀ | ၁၅၀၀ | (-)၂၅.၀၀ |

- ဇူလိုင်လ၌ ငရုတ်(အစို)ဈေးနှုန်း ပြည်တွင်းပြည်ပ ဝယ်လိုအားတက်လာသောကြောင့် ယခင်လထက် တစ်ပိဿာလျှင် (၈၀၀ မှ ၁၆၀၀)ကျပ်အတွင်း မြင့်တက်လာသော်လည်း အချို့ဈေးကွက်များ၌ ဝင်ရောက်မှုများပြီး ဈေးနှုန်းကျဆင်းခဲ့ပါသည်။
- ငရုတ်(အစို)တစ်ပိဿာလျှင် နေပြည်တော်၌ အမြင့်ဆုံး(၇၀၀၀)ကျပ် ရှိနေပါသည်။

## ကြက်သွန်ဖြူ

| ဈေးကွက်အမည် | ကြက်သွန်ဖြူဈေးနှုန်း (ကျပ်/ပိဿာ) | | |
|---|---|---|---|
| | ဇွန်လ | ဇူလိုင်လ | ခြားနားချက်(%) |
| နေပြည်တော် | ၂၅၀၀ | ၄၅၀၀ | (+)၈၀.၀၀ |
| မကွေး | ၃၅၀၀ | ၂၀၀၀ | (+)၄၂.၈၆ |
| မန္တလေး | ၂၅၀၀ | ၄၀၀၀ | (+)၆၀.၀၀ |
| ရခိုင် | ၃၅၀၀ | ၇၀၀၀ | ၁၀၀.၀၀ |
| ရန်ကုန် | ၃၅၀၀ | ၃၈၀၀ | ၈.၅၇ |

## ကြက်သွန်နီနှင့် ကြက်သွန်ဖြူ

- ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ဇူလိုင်လအတွင်း ယခင်လထက်(၁၀၀ မှ ၄၀၀)ကျပ်(၂၀%မှ ၅၀%)အတွင်း အနည်းငယ်သာမြင့်တက်လာပြီး ဈေးကွက်အများစု၌ ပြောင်းလဲမှုမရှိခဲ့ပါ။
- ဇူလိုင်လအတွင်း အများဆုံးဈေးနှုန်းမှာ ကချင်ဈေးကွက်၌တစ်ပိဿာလျှင်(၁၂၀၀)ကျပ်သာ ရှိနေပါသည်။
- ဈေးကွက်တွင် စားသုံးသူမြင့်တက်မှုကြောင့် ဈေးပြန်ကောင်းလာခဲ့သော်လည်း တောင်သူများမှာ ဈေးမရဖြစ်နေပါသည်။

## ခရမ်းချဉ်




- ဇူလိုင်လအတွင်း ခရမ်းချဉ်တစ်ပိဿာဈေးနှုန်းမှာ ယခင်လဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက (၈၀၀ မှ ၁၃၀၀)ကျပ် (၄၀%မှ ၇၀%)ခန့်အထိ ဈေးကျဆင်းလာခဲ့ပြီး ရန်ကုန်ဈေးကွက်၌ တစ်ပိဿာလျှင် အမြင့်ဆုံး(၁၅၀၀)ကျပ်သာ ရှိခဲ့ပါသည်။
- ကိုဗစ်ရောဂါကူးစက်မှုကြောင့် ကုန်စည်ဒိုင်များ ပိတ်ထားရပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများရပ်နားထားရသောကြောင့် ခရမ်းချဉ်သီး ဈေးကွက်သို့အဝင်များသော်လည်း ဈေးနှုန်းကျဆင်းသွားခဲ့ပါသည်။

## ငရုတ်(အခြောက်)




- ဇူလိုင်လအတွင်း ငရုတ်(အခြောက်)ဈေးနှုန်းမှာ ရခိုင်ဈေးကွက်၌ တစ်ပိဿာလျှင် (၉၀၀၀)ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်နေပါသည်။
- ယခင်လဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ရန်ကုန်နှင့် ရခိုင်ပြည်နယ်ဈေးကွက်တို့၌သာ (၁၀% မှ ၃၀%) ခန့် ဈေးနှုန်းမြင့်တက်ခဲ့ပြီး အခြားဈေးကွက်များ၌ ဈေးနှုန်းကျဆင်းလျက်ရှိနေပါသည်။

# ပြည်တွင်းပြည်ပ လယ်ယာသတင်းများ

## အိန္ဒိယနိုင်ငံ Maharashtra ပြည်နယ်တွင် ကြံထုတ်လုပ်မှု တန်ချိန်ပေါင်း သိန်း(၂၀၀) ကျော် မြင့်တက်နိုင်

❖ အိန္ဒိယနိုင်ငံ ဗဟိုအစိုးရ၏ ခန့်မှန်းချက်များအရ ရေရရှိမှုနှင့် မုတ်သုန်မိုးခန့်မှန်းမှုအပေါ်မူတည်၍ နိုင်ငံအတွင်း ကြံစိုက်ပျိုးသည့်ပြည်နယ်များမှ ကြံထုတ်လုပ်မှုသည် ယခုနှစ်တွင် တန်ချိန်ပေါင်း အနည်းဆုံး(၂၃၇)သန်း တိုးမြင့်လာနိုင်ကြောင်း၊

❖ ယခင်နှစ်တွင် Maharashtra ပြည်နယ်ရှိ သမဝါယမအသင်း(၁၀၀)နှင့် သကြားစက်ရုံ(၉၂)ရုံ တို့သည် ကြံတန်ချိန်ပေါင်း သိန်း ၁၀၀၀ ကျော်ခန့် ကြိတ်ဝါးနိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း တန်ချိန်(၁၂၅၀)သိန်း ကြိတ်ဝါးရန် မျှော်မှန်းထားကြောင်း၊

❖ ယခင်နှစ်တွင် သကြားတန်ချိန် (၁၀၆.၃)တန် ထုတ်လုပ်နိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း တန်ချိန်(၁၁၀)ထုတ်လုပ်ရန် ရည်မှန်းထားကြောင်း၊

❖ သကြားတန်ချိန် ယခင်နှစ်ထက် မပိုခြင်းမှာ Maharashtra ပြည်နယ်အတွင်း၌ ကြံမှ အီသနော ထုတ်လုပ်မှု မြင့်တက်လာခြင်းကြောင့်ဖြစ်ပြီး ယခုနှစ်တွင် အီသနောလီတာပေါင်း(၅၉၆.၁)သန်း ထုတ်လုပ်ရန်ရည်မှန်းထားကြောင်း၊

❖ ယခင်နှစ်တန်ချိန်(၁၀၀၀)သိန်းအား သကြားစက်ရုံများသည် ရက်ပေါင်း(၁၄၀)ကြာ ကြိတ်ဝါးခဲ့ရပြီး ယခုနှစ်တွင် တန်ချိန်များလာသည့်အတွက် နောက်ထပ်(၁၅)ရက်ခန့် ပို၍ ကြာမြင့်နိုင်ကြောင်း တာဝန်ရှိသူများမှ ပြောကြားခဲ့ပါသည်။

Source: https://trendlyne.com/posts/3034295/sugarcane-production-inmaharashtra-may-go-up-by-over-200-lakh-tonnes-nfcsf-chief

## Coronavirus ထိန်းချုပ်မှုအရှိန်များ တောင်သူများသို့ ရိုက်ခတ်မှုများကြောင့် ဗီယက်နမ်အစိုးရမှ ဆန်စပါးသိုလှောင် ထားရန် စီစဉ်လျက်ရှိ

➢ ဗီယက်နမ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်ထိန်းချုပ်ရေးဆိုင်ရာလုပ်ရှားမှုများ တင်းကြပ်စွာ ကြပ်မတ်နေမှုများနှင့် ပြည်ပတင်ပို့ဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် အစိုးရအနေဖြင့် ပြည်တွင်းစပါးစိုက်တောင်သူများထံမှ ရိတ်သိမ်းပြီးစပါးများကို ဝယ်ယူသိုလှောင်ပေးခြင်းဖြင့် တောင်သူများအား ကူညီပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊

➢ တောင်သူများအား လာမည့်စပါးရိတ်သိမ်း ရာသီအတွက် စိုက်ပျိုးထုတ်လုပ်မှု ဆက်လက်လုပ်ဆောင်ရန် တွန်းအားပေးမည်ဖြစ်ကြောင်း၊

➢ ဗီယက်နမ်အစိုးရအနေဖြင့် ယာယီသိုလှောင်မှုအတွက် ထွက်ရှိမည့်စပါးပမာဏအနက် မည်မျှဝယ်ယူမည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း၊ ယခုလက်ရှိစိုက်ပျိုးထားသော နွေရာသီ-ဆောင်းဦးရာသီ စပါးရိတ်သိမ်းချိန်တွင် တန်ချိန်ပေါင်း(၉.၀၄)သန်းထွက်ရှိနိုင်ပြီး ယခင်နှစ်ထက်(၁.၃၄%)ပိုများနိုင်သည်ဟု မျှော်မှန်းထားကြောင်း၊

➢ ဗိုင်းရပ်ထိန်းချုပ်ရေး ဆောင်ရွက်မှုများကြောင့် ပြည်ပတင်ပို့သူများနှင့် ကုန်သည်များ၏ ဝယ်ယူမှုနှောင့်နှေးပြီး ရိတ်သိမ်းပြီးစပါးများရောင်းချရန် အခက်တွေ့နေကြောင်း၊ တင်ပို့သည့်ဈေးနှုန်းကျဆင်းသွားသဖြင့် ကုန်သည်များ တင်ပို့မှုစာချုပ်အသစ်ချုပ်ဆိုရန် အဟန့်အတား ဖြစ်နေကြောင်း၊

➢ ဇူလိုင်လနောက်ဆုံးအပတ်မှာပင် ဆန်ကျိုး၅% ပါဝင်သော ဗီယက်နမ်၏ ဆန်ကွဲဈေးနှုန်းသည် ယခင်အပတ်အတွင်း တစ်တန်လျှင် (၃၉၅-၄၀၀) ဒေါ်လာရှိနေရာမှ (၃၉၀)ဒေါ်လာသို့ ကျဆင်းသွားခဲ့ပြီး ၂၀၂၀ပြည့်နှစ် ဖေဖော်ဝါရီလ နောက်ပိုင်း အနိမ့်ဆုံးဈေးနှုန်းဖြစ်ခဲ့ကြောင်း၊

➢ ဗီယက်နမ်ဆန်သင်္ဘောတင်ပို့မှုမှာလည်း အစောပိုင်းကာလထက် ယခုနှစ်ပထမ(၇)လအတွင်း ၁၀.၆% တန်ချိန်အားဖြင့် ၃.၆သန်း ကျဆင်းနိုင်သည်ဟု ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ Reuters သတင်းဌာန၏ ၂၀၂၁ ခုနှစ် ဩဂုတ်လ(၃)ရက်နေ့ သတင်းများအရ သိရှိရပါသည်။

Source: https://news.trust.org/item/20210803045922-yl5i7

## ကုန်သွယ်ရေး ရပ်တန့်နေမှုကြောင့် မြန်မာ့ဖရဲသီးဈေးနှုန်း ထက်ဝက်ခန့် ကျဆင်း

➢ တရုတ်နိုင်ငံ နိုင်ငံတကာသစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကွန်ရက်၏ ဇူလိုင်လ(၁၇)ရက်နေ့ပါ သတင်းများအရ မြန်မာနိုင်ငံအတွင်း ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေး အစီအစဉ်များကြောင့် ကုန်သွယ်ဆိပ်ကမ်းများ၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ရပ်တန့်ထားရပြီး မြန်မာ့ဖရဲဈေးနှုန်း ယခင်နှစ်ထက် ထက်ဝက်ခန့်ကျဆင်းနေကြောင်း၊

➢ မြန်မာ့ဖရဲဈေးကွက်သည် တရုတ်ဈေးကွက်ပေါ် အဓိကမူတည်နေပြီး ကပ်ရောဂါကြောင့် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပိတ်လိုက်ခြင်းသည် မြန်မာ့ဖရဲတင်ပို့မှုဈေးကွက်အတွက် ကြီးမားသည့်ဆုံးရှုံးမှုတစ်ရပ် ဖြစ်ပေါ်ခဲ့ကြောင်း၊

➢ ယခင်နှစ်တွင် ဖရဲသီး(၈၅၅)မျိုး (၁၂)တန်ကားတစ်စီးလျှင် ပျမ်းမျှတန်ဖိုး (၃၆၀၀၀)ယွမ် (မြန်မာ ကျပ် ၈.၆သန်း)ဖြင့် ရောင်းချနိုင်ခဲ့ပြီး ကိုဗစ်ကာလအတွင်း ထုတ်လုပ်မှုအား လျော့ကျခြင်းကြောင့် ကားတစ်စီးလုံး၏ ဈေးနှုန်းသည် (၉၀၀၀၀)ယွမ် (မြန်မာ ကျပ် ၂၂.၆သန်း)ခန့်အထိ ရောက်ရှိခဲ့ကြောင်း၊

➢ ယခုနှစ်တွင် ဖရဲသီး(၈၅၅)မျိုးကားတစ်စီးတန်ဖိုးသည် ယွမ်(၁၃၀၀၀) (မြန်မာ ကျပ် ၃.၁သန်း)ခန့်သာ ရရှိခဲ့ပြီး သယ်ယူပို့ဆောင်ရေးစရိတ်များကိုပင် မကာမိသောကြောင့် မြန်မာ့ဖရဲအသင်းမှ ဖရဲစိုက်တောင်သူများကို ယခုနှစ်ဖရဲရာသီတွင် စိုက်ဧရိယာထက်ဝက်ခန့်လျှော့ချရန် အကြံပြုထားကြောင်း၊

➢ မြန်မာ့ဖရဲနှင့် သခွားမွှေးသီးများကို တရုတ်သို့ အများဆုံးတင်ပို့လျက်ရှိရာ နှစ်စဉ်ပျမ်းမျှ တန်ချိန် (၈)သိန်းကျော်ခန့်အား ကားအစီးရေ (၄၀၀-၅၀၀) စီးတို့ဖြင့် နေ့စဉ် ပုံမှန်တင်ပို့နေခဲ့သော်လည်း ယခုနှစ်တွင် ကပ်ရောဂါကြောင့် ဖရဲကားအစီးရေ (၃)သောင်းခန့်နှင့် သခွားမွှေးကားအစီးရေ (၁.၂)သောင်းခန့်သာ တင်ပို့နိုင်လိမ့်မည်ဟု ခန့်မှန်းထားကြောင်း၊ နိုင်ငံတကာ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကွန်ယက်၌ Sunsa မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့တွင် သတင်းစုစည်း တင်ပြထားပါသည်။



Source: https://guojiguoshu.com/article/6823 口岸关闭边贸停滞，缅甸出口 西瓜价格腰斩, 2021年7月19日 • Sunsa)

## နိုင်ငံတကာကော်ဖီအဖွဲ့အစည်း(ICO)၏ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ကော်ဖီဈေးကွက် အခြေအနေအစီရင်ခံစာ

### ကော်ဖီစိုက်ပျိုးထုတ်လုပ်ရာဒေသများ၏ ရာသီဥတုအခြေအနေ

❖ ကော်ဖီထုတ်လုပ်ရာဒေသများ၏ ရာသီဥတု အခြေအနေများသည် လက်ရှိကာလနှင့် အနာ

ဂါတ်တွင် ကော်ဖီရရှိနိုင်မှုတို့အပေါ် စိုးရိမ်မှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊

❖ ကမ္ဘာ့ကော်ဖီအများဆုံး ထုတ်လုပ်ရာဒေသဖြစ်သည့် ဘရာဇီးကော်ဖီစိုက်ခင်းများတွင် နှင်းခဲရိုက်ခတ်မှုများကြောင့် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လတွင် ကော်ဖီဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ကြောင်း၊

### ကမ္ဘာ့ကော်ဖီတင်ပို့မှုအခြေအနေ

- ♣ စုစုပေါင်းကော်ဖီတင်ပို့မှုအနေဖြင့် ၂၀၂၀-၂၁၏ ပထမ(၉)လတာကာလအတွင်း ကော်ဖီပုံစံအမျိုးမျိုး အိတ်ပေါင်း(၉၈.၆)သန်းရှိခဲ့ပြီး ၂၀၁၉-၂၀ ၏ ကာလတူတွင် အိတ်ပေါင်း(၉၆.၁)သန်း (၂.၅)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊
- ♣ ၂၀၂၀ ဇူလိုင်လမှ ၂၀၂၁ ဇွန်လအထိ အိတ်ပေါင်း (၁၂၉.၇)သန်းခန့် တင်ပို့ခဲ့ပြီး ၂၀၁၉ ဇူလိုင်လမှ ၂၀၂၀ ဇူလိုင်လတွင် တင်ပို့ခဲ့သော အိတ်ပေါင်း (၁၂၉)သန်းနှင့် နှိုင်းယှဉ်ပါက (၆%)တိုးတက်လာခဲ့ကြောင်း၊

### ကမ္ဘာ့ကော်ဖီသုံးစွဲမှုအခြေအနေ

- ♣ ၂၀၂၀-၂၁ခုနှစ်တွင် ကော်ဖီသုံးစွဲမှုအိတ်ပေါင်း (၁၆၇.၅၈) သန်းခန့်ရှိပြီး ၂၀၁၉-၂၀ ခုနှစ်တွင် အိတ်ပေါင်း (၁၆၄.၄၃)သန်း ခန့်ရှိခဲ့ရာ (၁.၉%) တိုးတက်လာကြောင်း၊
- ♣ ၂၀၁၉-၂၀ ထက် ၂၀၂၀-၂၁ တွင် ကော်ဖီထုတ်လုပ်မှု (၀.၃%)တိုးတက်လာသော်လည်း ဘရာဇီးလ်နှင့် အခြားဒေသများတွင် ရာသီဥတုဒဏ်များကြောင့် ထုတ်လုပ်မှုနှုန်း သိသိသာသာ လျော့နည်းသည့်အပြင် ဝယ်လိုအားတိုးပွားလာမှုကြောင့် ၂၀၂၁-၂၂ တွင် ဝယ်လိုအား ရောင်းလိုအားအချိုးမှာ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်ကာ ဝယ်လိုအားမြင့်တက်၍ ရောင်းလိုအားနည်းလာလိမ့်မည်ဟု မျော်မှန်းထားကြောင်း၊

### လစဉ်ပျမ်းမျှဈေးနှုန်း/တိုင်းတာမှုစံနှုန်းများ အခြေအနေ

- နိုင်ငံတကာကော်ဖီအဖွဲ့အစည်း(ICO) ပေါင်းစပ်ညွှန်းကိန်းအရ ၂၀၂၁ခုနှစ်ဇွန်လတွင် တစ်ပေါင်လျှင် အမေရိကန်(၁၄၁.၀၃)ဆင့်မှ ဇူလိုင်လတွင် (၁၅၂.၂၄)ဆင့် မြင့်တက်ခဲ့ပြီး (၇.၉%) မြင့်တက်ခဲ့ကြောင်း၊
- ၂၀၂၁ဇူလိုင်လတွင်ရောက်ရှိခဲ့သောအဆင့်သည် ၂၀၂၀ဇူလိုင်လထက် (၄၂.၉%)ပိုမိုမြင့်တက်လာခဲ့ပြီး (၉)လဆက်တိုက် တိုးလာခြင်းဖြစ်ကာ ၂၀၁၄ နိုဝင်ဘာလတွင် မှတ်တမ်းတင်ထားသော (၁၆၂.၁၇)ဆင့်နောက်ပိုင်း အမြင့်ဆုံး လစဉ် ပျမ်းမျှနှုန်းဖြစ်ကြောင်း၊

### ကော်ဖီအမျိုးအစားများ၏ ဈေးနှုန်းအခြေအနေ

- ♣ ကော်ဖီအမျိုးအစားများ၏ ဈေးနှုန်းများသည် ၂၀၂၁ ဇွန်လတွင် မြင့်တက်ခဲ့ပြီး နှစ်ပေါင်းများစွာအတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း၊
- ♣ ၂၀၂၁ ဇူလိုင်လတွင် Colombian Milds ကော်ဖီများသည် တစ်ပေါင်လျှင် (၂၁၈.၆၆)ဆင့်သို့ ရောက်ရှိခဲ့ပြီး ၂၀၂၀ ဇူလိုင်လတွင် မှတ်တမ်းတင်ထားသော တစ်ပေါင်လျှင် (၁၀၃.၆၆)ဆင့်မှ (၄၂.၆%) မြင့်တက်ခဲ့ကြောင်း၊
- ♣ Brazilian Naturals ကော်ဖီသည် ယခင်နှစ် ဇူလိုင်လတွင်ဖြစ်ပေါ်ခဲ့သော တစ်ပေါင်လျှင် (၉၇.၉၆)ဆင့်နှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် (၆၄%) မြင့်တက်ခဲ့ကြောင်း၊
- ♣ ၂၀၂၁ ဇူလိုင်လတွင် Robusta ကော်ဖီ ဈေးနှုန်းသည်(၉၄.၃၇)ဆင့်ဖြစ်ပြီး ၂၀၂၀ကာလတူထက် (၃၉.၄%) မြင့်တက်ခဲ့ကြောင်း၊
- ♣ Arabicas ကော်ဖီအနေဖြင့် New York futures exchange တွင် ဈေးနှုန်းမတည်ငြိမ်မှုများ မြင့်တက်လာခဲ့ပြီး တစ်ပတ်အတွင်း နေ့စဉ်ဈေးနှုန်း (၂၅.၄%) အမြင့်ဆုံးသို့ မြင့်တက်ခဲ့ကြောင်း၊

### ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်ပေါ်မှုအခြေအနေ

- ♣ ၂၀၂၁ ဇူလိုင်လတွင် နိုင်ငံတကာကော်ဖီအဖွဲ့အစည်း ICO ပေါင်းစပ်အညွှန်းကိန်း၏ တနေ့တာအတွင်းဈေးနှုန်းမတည်ငြိမ်မှုသည် (၁.၅%) မှ (၁၀.၆%)သို့ မြင့်တက်ခဲ့ကြောင်း၊
- ♣ Brazilian Naturals ဈေးနှုန်းမတည်ငြိမ်မှုသည် (၁၃.၈)ရာခိုင်နှုန်းဖြင့် ကော်ဖီအမျိုးအစား (၄)ခုထဲတွင် အမြင့်ဆုံးဖြစ်ပြီး ဘရာဇီးနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုဒဏ်များကြောင့် ကော်ဖီအမျိုးအစား(၄)ခုလုံး၏ ဈေးကွက်များ လှုပ်ခတ်ခဲ့ပြီး ရလဒ်အနေဖြင့် လက်ရှိကာလနှင့် အနာဂါတ်ကော်ဖီ အရည်အသွေးကောင်းရရှိမှုအပေါ် စိုးရိမ်မှုများ မြင့်မားလာခဲ့ကြောင်းကို တွေ့ရှိရပါသည်။

Source: https://www.ico.org/Market-Report-2021-e.asp (Monthly coffee market report- July 2021)

## ၂၀၂၁ ခုနှစ် ဇူလိုင်လ ဒုတိယလဝက်အတွင်း သဘာဝရော်ဘာ(Natural Rubber-NR) ဈေးကွက်အား ခြုံငုံသုံးသပ်ခြင်း

- ♣ ဇူလိုင်လဒုတိယလဝက်အတွင်း သဘာဝရော်ဘာဈေးနှုန်းများကို ရော်ဘာကဏ္ဍနှင့် တိုက်ရိုက်မသက်ဆိုင်သည့် အကြောင်းအရာများကြောင့် ထိခိုက်သက်ရောက်မှုများ ရှိခဲ့ကြောင်း၊
- ♣ ကပ်ရောဂါ လျင်မြန်စွာကူးစက်ပျံ့နှံ့မှုနှင့် တရုတ်စတော့ဈေးကွက် အကြီးအကျယ်ရောင်းချမှုတို့၌ ဂယက်များစွာရှိသောကြောင့် ရော်ဘာကြိုတင်ရောင်းဝယ်ခြင်းဈေးကွက်များ၏ အလားအလာများ မှေးမှိန်ကျဆင်းခဲ့ရကြောင်း၊
- ♣ သို့သော်လည်း ရောင်းလိုအား၊ ဝယ်လိုအား အခြေခံသဘော တရားများအရ Technically Specified Rubber-TSR (SMR20 and STR20) ၏ လက်ငင်းဈေးကွက်၏ ဈေးနှုန်းမြင့်တက်စေရန် ပံ့ပိုးပေးခဲ့ကြောင်း၊
- ♣ (၂၀၂၁)ခုနှစ်၊ ဇူလိုင်လ ဒုတိယပတ်အတွင်း Futures market (ကြိုတင်ရောင်းချသော ဈေးကွက်)နှင့် လက်ငင်းဈေးကွက်များ (Physical markets)ရှိ သဘာဝရော်ဘာ၏ ဈေးနှုန်းအပြောင်းအလဲ ရာခိုင်နှုန်းပြဇယား

| | ရည်ညွှန်းအချိန်ကာလ | ရာခိုင်နှုန်းအပြောင်းအလဲ |
|---|---|---|
| **ကြိုတင်ရောင်းချသောဈေးကွက်များ** | | |
| SHFE- **SHANGHAI FUTURES EXCHANG** (Natural rubber* for Sept 2021 expiry) | ၂၀၂၁ခုနှစ်၊ ဇူလိုင်လ (၁၅-၃၁)ရက် | + (၁.၃)% |
| SICOM- Singapore Commodity Exchange Ltd (SICOM) (TSR20 for October 2021 delivery) | ။ | + (၂.၆)% |
| Osaka (RSS3 for December 2021 delivery) | ။ | + (၁.၆) % |
| **လက်ငင်းဈေးကွက်များ** | | |
| STR20 FOB Bangkok | ။ | + (၄.၅) % |
| SMR20 FOB Kuala Lumpur | ။ | + (၃.၆) % |
| RSS3 FOB Bangkok | ။ | + (၁.၆)% |
| RSS4 Kottayam local | ။ | + (၁.၄) % |
| Latex 60% Kuala Lumpur local | ။ | - (၀.၃)% |
| Latex 60% FOB Bangkok | ။ | + (၀.၄) % |

တရုတ်နိုင်ငံမှအစေးရည်ဖြင့်ထုတ်လုပ်သောအကောင်းဆုံးခရမ်း ရော်ဘာကုန်ကြမ်းနှင့် RSS3-မှိုင်းခံ အဆင့် (၃)တို့အတွက်ပါ ခြုံငုံပါဝင်ပါသည်။

- ♣ TSR သည် ကမ္ဘာ့ထုတ်လုပ်မှု၏ (၇၀%) ခန့်ရှိပြီး သဘာဝရော်ဘာ၏ လူကြိုက်အများဆုံး ရောင်းဝယ်မှုပုံစံဖြစ်သည့်အပြင် ကားတာယာ ထုတ်

လုပ်ရာတွင်လည်း အဓိကအသုံးပြုသောကြောင့် အခြားရော်ဘာကုန်ကြမ်းများနှင့်မတူ အသင့်အသုံးပြုနိုင်သည့် TSR ရော်ဘာကုန်ကြမ်း၏ လက်ငင်းရောင်းဝယ်မှုဈေးကွက်သည် ဝယ်လိုအားအလားအလာများနှင့် ထုတ်လုပ်ရောင်းချနိုင်မှုအမြင်များကြောင့် ရော်ဘာကြိုတင် ရောင်းဝယ်သော ဈေးကွက်များထက် ပိုမိုကောင်းမွန်နေကြောင်း၊

- အရှေ့တောင်အာရှတွင် COVID19 ကူးစက်ပျံ့နှံ့မှုသည် ဝယ်လိုအားကို လျော့ကျစေပြီး ရော်ဘာကြိုတင်ရောင်းဝယ်ခြင်းဈေးကွက်တွင် ရင်းနှီးမြှုပ်နှံမှုများကို နှောင့်နှေးစေကြောင်း၊
- ကမ္ဘာ့ရော်ဘာကုန်သွယ်ရေး အချက်အချာကျသောစင်ကာပူတွင် ဇူလိုင်လစတုတ္ထပတ်တွင် နေ့စဉ်ကူးစက်မှုများ ပြန်လည်ဖြစ်ပေါ်ခဲ့ပြီးနောက် ရော်ဘာ ကြိုတင်ရောင်းဝယ်ခြင်း ဈေးကွက်အလားအလာများ မှေးမှိန်ခဲ့ရကြောင်း၊
- ရော်ဘာကြိုတင်ရောင်းဝယ်ခြင်း ဈေးကွက်အတွက် အပျက်သဘောဆောင်သော အလားအလာတစ်ခုမှာ ဒေါ်လာဈေးမြင့်တက်ခြင်း ဖြစ်ကြောင်း၊
- တရုတ်တွင် စတော့ရှယ်ယာဈေးကွက် ကျဆင်းခြင်းသည် ရော်ဘာနှင့် Shanghai Exchange ဈေးကွက်တွင် ရောင်းဝယ်မှုပြုသော အခြားကုန်ပစ္စည်းများအပေါ်ရိုက်ခတ်မှုဖြစ်စေကြောင်း၊
- သို့သော် စတော့ရှယ်ယာ ဈေးကွက်များသည် အချိန်တိုအတွင်း ပြန်လည်မြင့်တက်လာခဲ့ပြီး ဇူလိုင်လ (၂၉-၃၀)တွင် ကျင်းပသည့် Shanghai Exchange ဈေးကွက်တွင်ရောင်းဝယ်မှုပြုခဲ့သော ရော်ဘာကြိုတင်ရောင်းဝယ်ခြင်း ဈေးကွက်များသည်လည်း ထိုက်သင့်သော အကျိုးအမြတ် ရရှိခဲ့ကြောင်း၊
- စတော့ရှယ်ယာဈေးကွက် မတည်ငြိမ်မှုသည် Shanghai ဈေးကွက်အပေါ် ပိုမိုထိခိုက်မှု ရှိနေချိန်တွင် ယန်းဈေးနှုန်းတက်ခြင်းသည် Osaka ဈေးကွက်ကိုလည်း ထိခိုက်စေပါသည်။ ရလဒ်အနေဖြင့် Shanghai နှင့် Osaka Exchanges တွင် ပြုလုပ်သော ရော်ဘာကြိုတင်ရောင်းဝယ်မှုဈေးကွက်သည် SICOM ရော်ဘာကြိုတင် ရောင်းဝယ်ခြင်းဈေးကွက်ကို အမီ မလိုက်နိုင်ခဲ့ကြောင်း၊
- မှိုင်းခံ ရော်ဘာ RSS ဈေးနှုန်းသည် အိန္ဒိယနိုင်ငံ Kottayam ဈေးကွက်တွင် ထိုင်းနိုင်ငံဈေးနှုန်း၏ (၂၅-၃၀%) အထက် ရှိကြောင်း၊
- ရင်းနှီးမြှုပ်နှံသောကုန်သည်များသည် ရေနံစိမ်းဈေးနှုန်းကျဆင်းသည့်အခါ သဘာဝရော်ဘာနေရာNRတွင် ရေနံမှရရှိသော ရော်ဘာတု SR (synthetic rubbers)ကို အစားထိုး၍ ရော်ဘာကြိုတင်ရောင်းဝယ်မှုဈေးကွက်တွင် ရင်းနှီးမြှုပ်နှံခြင်းကြောင့် ရေနံစိမ်းဈေးကွက် ဖွံ့ဖြိုးလာမှုသည်လည်း ရော်ဘာဈေးနှုန်းအပေါ် သက်ရောက်မှုရှိကြောင်း၊
- ကမ္ဘာ့သဘာဝရော်ဘာသုံးစွဲမှု၏ (၆၅%)ခန့်ရှိသော တရုတ်၊ အိန္ဒိယနှင့် အာဆီယံ(၅)နိုင်ငံ စီးပွားရေးစွမ်းဆောင်ရည် ကျဆင်းခြင်းသည် ဇူလိုင်လ(၂၈)ရက်တွင် ရော်ဘာကြိုတင် ရောင်းဝယ်မှုဈေးကွက်အလားအလာကို မှေးမှိန်စေခဲ့ကြောင်း၊
- ရော်ဘာဈေးနှုန်းသည် ထိခိုက်မှုများရှိနေသော်လည်း ဇူလိုင်လ (၂၁)ရက်ဝန်းကျင်တွင် အမေရိကန်၊ ဥရောပ၊ တရုတ်နှင့် အိန္ဒိယနိုင်ငံတို့တွင် စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်ခြင်းဖြင့် သဘာဝရော်ဘာဝယ်လိုအားအပေါ် သုံးသပ်မှုများ ကောင်းမွန်လာခဲ့ကြောင်း၊
- ဇူလိုင်လ(၂၀)ရက်နေ့မှစ၍ ရေနံစိမ်းဈေးနှုန်းသည် ကျဆင်းမှုနှင့်ဆန့်ကျင်ဘက် (U-turn)ဖြစ်သွားကာ ပြန်လည်ဈေးတက်ခဲ့သောကြောင့် ရင်းနှီးမြှုပ်နှံသောကုန်သည်များသည် ရော်ဘာကြိုတင်ရောင်းချဈေးကွက်ကို SR မှ သဘာဝရော်ဘာသို့ ပြန်လည်အစားထိုး ရင်းနှီးမြှုပ်နှံလာနိုင်ကြောင်း၊

Source: Rubber Market Intelligence Report, Volume 2, No 14July 16-31, 2021 A fortnightly publication of ANRPC

## အမေရိကန်စိုက်ပျိုးရေးဦးစီးဌာန(USDA)၏ ဆန်စပါးဈေးကွက်အပေါ်သုံးသပ်ချက်

- ၂၀၂၁-၂၂ အတွက် အမေရိကန်နိုင်ငံ၏ ဆန်စပါး သီးနှံထုတ်လုပ်မှုခန့်မှန်းချက်သည်(၁%)ကျဆင်းခဲ့ပြီး (၄၅)ကီလိုအိတ် (hundred weight-cwt) (၁၉၇.၄)သန်းသို့ ကျဆင်းခဲ့ကြောင်း၊
- ၂၀၂၀-၂၁ ၏ တင်သွင်းမှုများမှာ ကီလိုအိတ် (၁)သန်း လျော့ကျကာ (၃၃.၇)သန်း တင်သွင်းနိုင်ခဲ့ပြီး တင်ပို့မှုမှာ အိတ်ပေါင်း(၁)သန်း မြင့်တက်ခဲ့ကာ (၉၄)သန်း တင်ပို့နိုင်ခဲ့ကြောင်း၊
- (၂၀၂၁-၂၀၂၂)ခုနှစ်တွင် တင်သွင်းမှုသည် ကီလိုအိတ်ပေါင်း(၁)သန်းလျော့ကျကာ (၃၈)သန်း တင်သွင်းခဲ့ပြီး တင်ပို့မှုမှာ ကီလိုအိတ်ပေါင်း (၁)သန်းမြင့်တက်ကာ အိတ်ပေါင်း(၉၁)သန်း တင်ပို့နိုင်ခဲ့ကြောင်း၊
- ၂၀၂၁-၂၂ခုနှစ်ကမ္ဘာ့ဆန်ဈေးကွက်တွင် စုစုပေါင်း ထုတ်လုပ်မှုသည် တန်ချိန်(၁.၄) သန်းတိုးခဲ့ပြီး (၅၀၇.၅)သန်းဖြင့် စံချိန်တင်မြင့်တက်ခဲ့ကြောင်း၊
- ယခုလတွင် ဘင်္ဂလားဒေ့ရှ်၊ ဘရာဇီး၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ထိုင်ဝမ်နှင့် ဗီယက်နမ် နိုင်ငံတို့အတွက် သီးနှံထုတ်လုပ်မှု ခန့်မှန်းချက်များ မြင့်တက်ခဲ့ပြီး ကျူးဘား၊ ကာဇတ်စတန်၊ ရုရှားနှင့် အမေရိကန်တို့အတွက် သီးနှံထုတ်လုပ်မှု ခန့်မှန်းချက်များ လျော့ကျခဲ့ကြောင်း၊
- ၂၀၂၁-၂၂ခုနှစ်တွင် ကမ္ဘာ့ဆန်စားသုံးမှုနှင့် လက်ကျန်သုံးစွဲမှုသည် တန်ချိန်(၀.၃)သန်း မြင့်တက်ကာ တန်ချိန်(၅၁၄.၃)သန်း စံချိန်တင်ခဲ့ကြောင်း၊
- ၂၀၂၁-၂၂ခုနှစ် ကမ္ဘာ့ကုန်လက်ကျန်စာရင်း ခန့်မှန်းချက်သည် ယခုလတွင် တန်ချိန်(၃.၂)သန်း လျော့ကျကာ (၁၇၀.၁)သန်း သုံးစွဲခဲ့ပြီး ကမ္ဘာ့ကုန်လက်ကျန်စာရင်းမှာ ဒုတိယနှစ်အဖြစ် ဆက်လက်ကျဆင်းခြင်းဖြစ်ကြောင်း၊
- တရုတ်၊ အိန္ဒိယ၊ ထိုင်ဝမ်၊ အမေရိကန်နှင့် ဗီယက်နမ်နိုင်ငံတို့တွင် ၂၀၂၂ခုနှစ် တင်ပို့မှုများကို တိုးမြှင့်ပြင်ဆင်ထားပြီး တရုတ်နှင့် အီရန်တွင် တင်သွင်းမှုများကိုလည်း တိုးမြှင့်ပြင်ဆင်ခဲ့ကြောင်း၊
- ၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်မှုသည် တန်ချိန်(၀.၄)သန်းတိုးကာ တန်ချိန်(၄၈.၃)သန်း မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့ဆန်ကုန်သွယ်မှု ခန့်မှန်းချက်သည်တန်ချိန်(၀.၆၅)သန်း မြင့်တက်ကာ တန်ချိန်(၄၇.၇)သန်း ရှိမည်ဖြစ်ကြောင်း၊
- ၂၀၁၈ ခုနှစ်နှောင်းပိုင်းမှစ၍ အိန္ဒိယနိုင်ငံသည် အာရှတွင် ဆန်စပါးအတွက် ဈေးအနိမ့်ဆုံးယှဉ်ပြိုင်နိုင်သောနိုင်ငံဖြစ်ခဲ့ပြီး ထိုင်းနိုင်ငံ ဈေးနှုန်းများသည် ပြီးခဲ့သည့်လတွင် ၎င်း၏ငွေကြေး ကျဆင်းမှုကြောင့် ဆက်လက်ကျဆင်းခဲ့ကြောင်း၊ အမေရိက ဆန်စေ့ရှည် ကြိတ်ဆန်ဈေးနှုန်းများလည်း ကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

Source:https://www.ers.usda.gov/topics/crops/rice/market-outlook/

## (၂၀၂၁ မှ ၂၀၃၀) ခုနှစ်အတွင်း ထောပတ်သီးသည် အဓိကအပူပိုင်းသစ်သီးများတွင် တိုးတက်မှုအလျင်မြန်ဆုံး ကုန်စည်ဖြစ်လာရန် မျှော်မှန်းထားခြင်း

- ကုလသမဂ္ဂ စိုက်ပျိုးရေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာဖြစ်သည့် Organisation for Economic Co-operation and Development (OECD) တွင် ထောပတ်သီးသည် (၂၀၂၀ မှ ၂၀၃၀) ခုနှစ်အတွင်း အဓိကအပူပိုင်းသီးနှံများတွင် တိုးတက်မှုအလျင်မြန်ဆုံးနှင့် ကုန်သွယ်မှုအများဆုံး ကုန်စည်ဖြစ်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း၊
- ကမ္ဘာ့ဝယ်လိုအား လျင်မြန်စွာကြီးမြင့်မှုကြောင့် ထောပတ်သီးသည် ၂၀၃၀တွင် (၃.၉) မက်ထရစ်တန်အထိ တင်ပို့မှုရောက်ရှိမည်ဖြစ်ပြီး လက်ရှိ

တင်ပို့မှု အများဆုံးဖြစ်သော သရက်သီးနှင့်နာနတ်သီးကိုပင် ကျော်တက်သွားမည်ဖြစ်ကြောင်း၊

- ထောပတ်သီးထုတ်လုပ်မှုသည် ၂၀၃၀ တွင် ၂၀၁၀ ခုနှစ်ထက် သုံးဆပို၍ (၁၂) မက်ထရစ်တန်အထိ ရောက်ရှိရန် ခန့်မှန်းထားကြောင်း၊
- ထောပတ်သီးထုတ်လုပ်သည့် ထိပ်တန်း(၁၀)နိုင်ငံသည် ကမ္ဘာ့ထုတ်လုပ်မှု၏(၈၀%)နီးပါးရှိပြီး လက်တင်အမေရိကနှင့်ကမ်းရိုးတန်းဒေသများဖြစ်သော ကာရစ်ဘီယံဒေသတို့သည် ထောပတ်သီး စိုက်ပျိုးရန်သင့်လျော်သောကြောင့် ထောပတ်သီး ထုတ်လုပ်မှု၏ (၇၄%)ရရှိရန် မျှော်မှန်းထားကြောင်း၊
- အမေရိကန်နှင့် ဥရောပသမဂ္ဂနိုင်ငံများတွင် ကျန်းမာရေးအကျိုးကျေးဇူးများကြောင့် ထောပတ်သီး စားသုံးရန်စိတ်ဝင်စားမှုများပြားနေပြီး ၂၀၃၀တွင် ကမ္ဘာလုံးဆိုင်ရာ တင်သွင်းမှု၏ (၄၀%)နှင့် (၃၁%) ရှိနေပြီး အဓိကတင်သွင်းမည့်နိုင်ငံများ ဖြစ်လာရန် မျှော်မှန်းထားကြောင်း သိရှိရပါသည်။

Source: https://www.freshplaza.com/article/9344973/avocados-expected-to-remain-the-fastest-growing-commodity-of-the-major-tropical-fruits-from-2021-2030/


# စိုက်ပျိုးရေး ဈေးကွက်သတင်းလွှာ

## Market Information System

## စိုက်ပျိုးရေးဦးစီးဌာန

ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေးဦးစီးဌာန၊ နေပြည်တော်



* မှာယူမည်ဆိုပါက အမည်၊ လုပ်ငန်း/အဖွဲ့အစည်း၊ ဆက်သွယ်ရန်လိပ်စာတို့နှင့်အတူ ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်၊ စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၃)၊ နေပြည်တော်သို့ ဆက်သွယ်မှာယူနိုင်ပါသည်။

ဖုန်း - ၀၆၇ ၃၄၁၀၅၃၈

Email: doamisppme@gmail.com





ဈေးကွက်သတင်းအချက်အလက်စနစ်ဌာနစိတ်
စီမံကိန်းရေးဆွဲစိစစ်သုံးသပ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရုံးအမှတ်(၄၃)၊ နေပြည်တော်